၁၉၆၁ခုနှစ်၊ နိုင်ငံတော်ဘာသာ သာသနာချီးမြှောက် ထောက်ပံ့ရေးအက်ဥပဒေ။[၁]

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။)

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၆၁ခုနှစ်၊ နိုင်ငံတော်ဘာသာသာသနာချီးမြှောက်ထောက်ပံ့ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။[၂]

ဗုဒ္ဓဘာသာဝင်စာသင်သားများအတွက် ဗုဒ္ဓဘာသာတရားစာများကို သင်ကြားခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း

၂။ ။(၁) ပြည်ထောင်စုနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံး၌၊ ဗုဒ္ဓဘာသာဝင် စာသင်သားများအား၊ ဗုဒ္ဓဘာသာတရားစာများကို သင်ကြားစေရမည်။

(၂) ပြည်ထောင်စုနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံး၌-

(က)ဗုဒ္ဓဘာသာဝင်စာသင်သားများအတွက် ဗုဒ္ဓဘာသာ တရားစာမေးပွဲများ ကျင်းပစေရမည်။

(ခ) အဆိုပါ စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ် ချီးမြှင့်ရမည်။

(ဂ) အဆိုပါ စာမေးပွဲကို ထူးချွန်စွာ အောင်မြင်သူများအား ဆုများချီးမြှင့်ရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မအရ ကျင်းပသည့်စာမေးပွဲတွင် အောင်သူများအား အောင်လက်မှတ်များကိုသာ ထုတ်ပေးရန်ဖြစ်၍ မအောင်လျှင်၊ အတန်းမတက်ရသော စာမေးပွဲမဖြစ်စေရ။

တက္ကသိုလ်များနှင့် ကောလိပ်များတွင် ဗုဒ္ဓဘာသာကျမ်းစာများ သင်ယူဖြေဆိုခွင့် ပေးခြင်း။

၃။ ။ပြည်ထောင်စုနိုင်ငံအတွင်းရှိ တက္ကသိုလ်အားလုံးနှင့် ထိုတက္ကသိုလ်များလက်အောက်ရှိ ကောလိပ်များတွင်၊ ဗုဒ္ဓဘာသာကျမ်းစာများ သင်ယူလိုသူ အလုံအလောက် ရှိလျှင်၊ ထိုသူတို့အား အခြားဘာသာရပ်များ သင်ယူဖြေဆိုသည့်နည်းတူ သင်ယူဖြေဆိုခွင့်ပြုရမည်။

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ-၂၀၆၉။

၂။ ဤအက်ဥပဒေသည် ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့တွင် စတင်အာဏာတည်သည်။ (လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဌာနခွဲ၏ ၅-၁၀-၆၁ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀၆။) (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ-၂၀၉၇)